# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 15 , 2023 | Volume 70, Number 11

၁၅.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၉ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့၊ (၁၀:၁၀) နာရီအချိန်တွင် စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဌ၊ မြို့တော်ဝန် ဦးဘိုဌေးနှင့်တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OU YANG daobing တို့ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

အဆိုပါ (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့အား "ရပ်ဝန်းနှင့်ပိုးလမ်းမ အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေးမြှင့်တင်ခြင်းနှင့် ကြီးထွားမှု ဗဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့် အနာဂတ်နှင့်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွကြိုးပမ်းဆောင်ရွက်ကြပါစို့” ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါခရီးစဉ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်တို့နှင့်အတူ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်မည့် စီးပွားရေးလုပ်ငန်းရှင် (၂၀၉) ဦးတို့လည်း လိုက်ပါသွားကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံကဏ္ဍ၊ ကော်ဖီနှင့်လက်ဖက်ကဏ္ဍ၊ ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍ၊ သစ်သားထည်ကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ လက်မှုအနုပညာကဏ္ဍနှင့်ကျောက်မျက်ကဏ္ဍတို့အတွက် ပြခန်းပေါင်း (၈၀) ဖြင့် ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်တွေ့ဆုံ



၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့သို့ ရောက်ရှိနေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ Mr. Lan Tianli နှင့် ယနေ့ညနေပိုင်းတွင် နန်နင်းမြို့၊ လိယွမ်နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် နှစ်စဉ်ပါဝင်ပြသခြင်းဖြင့် တရုတ်နိုင်ငံနှင့်သာမက အခြားအာဆီယံနိုင်ငံများနှင့်လည်း ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကွမ်ရှီးဒေသတွင် ထူထောင်ထားရှိသည့် သစ်သီးဝလံဈေးကွက်သို့ မြန်မာနိုင်ငံမှ သစ်သီးဝလံများတင်ပို့ရောင်းချနိုင်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် တိုင်းရင်းဆေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာ ဖြန့်ဝေပေးနိုင်ရေးကိုလည်းကောင်း၊ ခရီးသွားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ကုလားပဲ ဝယ်လိုအားနည်းပြီး ဈေးကျနေ

ငွေဈေးအေးနေသည့်အတွက် ပြည်တွင်းကုလားပဲ အဝယ်နည်းကာ ဈေးကျလာကြောင်း ပဲကုန်သည်များထံမှ သိရသည်။ ယခင် အိန္ဒိယနိုင်ငံမှ ပဲဈေးတက်နေခြင်းကြောင့် လိုက်လံတက်နေခြင်းဖြစ်ပြီး လက်ရှိ ဒေါ်လာဈေးကျနေခြင်းကြောင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

“ကုလားပဲက ပြည်တွင်းစားတာများတယ်။ နိုင်ငံခြားလဲ သွားဖို့မရှိဘူး ၊ အခုက ငွေဈေးအေးတော့ ပြည်တွင်းက အဝယ်နည်းလာတယ်”ဟု အောင်လံကုန်စည်ဒိုင်ဥက္ကဌ ဦးအောင်မိုးက သုံးသပ်ပြောထားသည်။ ယခင်က ကုလားပဲပိဿာ ၂၀ တစ်အိတ်လျှင် အောင်လံဈေး ၉၄၀၀၀ ရှိခဲ့ရာမှ လက်ရှိ ကုလားပဲပိဿာ ၂၀ တစ်အိတ် ၉၁၀၀၀မှ ၉၂၀၀၀ ထိ ကျဆင်းသွားကြောင်း သိရသည်။

စက်တင်ဘာလ ၁၁ ရက်နေ့က မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာလျှင် ၂၆၄၀၀၀ မှ ၂၆၅၀၀၀ ကျပ် ကုလားပဲ (TW) လျှင် ၂၅၈၀၀၀ မှ ၂၆၀၀၀၀ ထိ ခန့်မှန်းထုတ်ပြန်ထားပြီး၊ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကုလားပဲ တပိဿာလျှင် ၄၆၆၅ မှ ၄၇၅၀ ထိ ပေါက်စျေးရှိကြောင်း ထုတ်ပြန်ထားကြသည်။

ကုလားပဲမှာ ပြည်တွင်းလက်ကျန်နည်းနေပြီး ပြည်တွင်းစားသုံးမှုများစွာရှိနေခြင်းကြောင့် စျေးအများကြီး ကျဆင်းသွားကြောင်းသိရသည်။ "ပြည်တွင်းစားသုံးမှုများလို့ ကုလားပဲကို ပြည်ပသို့ လိုသလောက်မပို့နိုင်သေးဘူး။ ဒါကြောင့် ပြည်တွင်းစားသုံးတဲ့ပဲတွေကတော့ အများကြီးကျမသွားဘူး စျေးငြိမ်တယ်။ ကျရင်လဲ နည်းနည်းပဲကျတယ် ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ဒေါ်လာစျေးကျဆင်းလာခြင်းကြောင့် ကုလားပဲအပြင် ပြည်တွင်းပဲအမျိုးမျိုးပါ လိုက်လံကျဆင်းနေကြောင်း ကုန်သည်များထံမှ သိရသည်။ တောင်သူအများစုအနေဖြင့် ကုလားပဲမျိုးကို မျိုးချန်စနစ်ဖြင့် စိုက်ပျိုးကြပြီး နှစ်စဉ်ကုလားပဲကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြကြောင်းသိရသည်။ ကုလားပဲကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧကပေါင်းတစ်သိန်းကျော်ထိ စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက် ဧက ၁၁ သန်းကျော်ရှိပြီး ကုလားပဲ ၈ရာခိုင်နှုန်း၊ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## ငွေစျေးအတက်အကျကြောင့် မန္တလေးကုန်စည်ဒိုင်စျေးကွက်တွင် ပဲစျေးအတက်အကျကြမ်းခဲ့ပြီး ရက်ပိုင်းအတွင်း စျေးအမြင့်ပိုင်းဖြင့် ပဲစျေးပြန်ငြိမ်နေ

မန္တလေး ပွဲစား ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) စျေးကွက်တွင် ငွေစျေး အတက်အကျကြောင့် ပဲစျေး အတက်အကျကြမ်းနေရာမှ အခုရက်ပိုင်း စျေးအတက်ပိုင်းဖြင့် ပဲစျေးပြန်ငြိမ်နေသည်ဟု ပဲကုန်သည်များထံက သိရပါသည်။

"အခုရက်ပိုင်းက ငွေစျေးအတက်အကျကြောင့် စျေးနှုန်းကပြောင်းလဲနေတာ ဟိုအရင်ရက်တွေက ငွေစျေးကျဆင်းတော့ နှမ်းပဲစျေးတွေ စျေးချရောင်းရတယ်။ မနေ့ကငွေစျေးပြန်တက်တော့ စျေးပြန်တက်ပေ့ါ။ ဒီနေ့တော့စျေးငြိမ်တယ် အခုလောလောဆယ် ပဲစျေးကွက်မှာက ပဲစျေးတွေက ငွေစျေးနဲ့လိုက်ပြီး ပြောင်းလဲနေရတယ်။ အရင်ရက်က စျေးကျထားတဲ့ ပဲတွေက အခုရက် စျေးပြန်တက်ပြီးငြိမ်နေတယ် မြေပဲဆန်စျေးက စျေးမကောင်းဘူး အဖြူဆန် တရုတ်လိုင်းဘောင်ဝင်တဲ့ အစစျေးက ကျပ် ၇၀၀၀ ဝန်းကျင် ဘောင်မဝင်တဲ့ အစစျေးက ကျပ် ၆၅၀၀ စျေးရှိတယ်။ အနီစက တရုတ်ဘက်က အဝယ်အေးတယ်လို့ပြောရမယ်။ နှမ်းညိုစျေး ၂၉၀၀၀၀ ကနေ ၃၀၀၀၀၀ ကြားစျေးရှိတယ်။ အရင်ရက်ပိုင်းက ကျပ် ၂၅၀၀၀၀ ကနေ ၂၆၀၀၀၀ လောက်အထိ စျေးကျသွားတာ အခုစျေးပြန်တက်လာတယ်။ အခု ငွေစျေးပြန်တက်တော့ ပုံမှန်စျေးပြန်ဖြစ်တယ် မြေပဲဆန်စျေး က ၆၆၀၀ အထိ စျေးကျပြီး အခု ၇၀၀၀ စျေးပြန်ဖြစ်တယ်။ အနီစက ပစ္စည်းမရှိဘူး ရှားတယ် ပြည်တွင်းသုံး ကုလားပဲစျေးက အပြောင်းအလဲမရှိဘူး။ တရုတ်ဝယ်လက်တွေ အဝယ်အေးတယ်လို့ပြောလို့ရတယ် အခုရက်ပိုင်း ပဲတီစိမ်းစျေး စျေးကောင်းနေတယ်။ ထိပ်စစျေး ကျပ် ၁၇၀၀၀၀ ကနေ ၁၇၅၀၀၀ စျေးရှိတယ်။ ပဲတီစိမ်းစျေးက အရင်ရက်က ၁၆၀၀၀၀ အထိ စျေးကျသွားတယ်။ အခုဆို တအိတ်ကို ကျပ် ၅၀၀၀ ကနေ ကျပ် ၁၀၀၀၀ အထိ စျေးပြန်တက်တယ်" လို့ မန္တလေးပွဲစားကုန်သည်စက်ပိုင်များကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်တွင် နေ့လည်ပိုင်း ပဲကုန်စည်စျေးကွက်များမှာ ပဲစဉ်းငုံနီ (၂၀၂၃) သုံးတင်းတစ်အိတ် (၆၀–ပိဿာ) ကျပ် ၃၈၀၀၀၀ မတ်ပဲအလုံးကြီး သုံးတင်းတစ်အိတ် (၆၀ ပိဿာ)ကို ပြည်တွင်းသုံးပဲခွဲစက်သမားဝယ်သည့် ပဲစျေးမှာ ကျပ် ၂၃၅၀၀၀ စျေး ရန်ကုန်ဝယ်လက်ဝယ်စျေးမှာ ကျပ် ၂၀၅၀၀၀ စျေး၊ V2 ကုလားပဲ သုံးတင်းတစ်အိတ် (၅၇. ၂၅ ပိဿာ) ကျပ် ၂၆၉၀၀၀ စျေး၊ V7 ကုလားပဲ သုံးတင်းတစ်အိတ် (၅၇.၂၅ ပိဿာ)ကျပ် ၂၈၁၀၀၀ စျေး၊ 929 ကုလားပဲ သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၂၆၈၀၀၀ ထိုင်ဝမ်ကုလားပဲ သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၂၆၀၀၀၀ ပဲတီစိမ်း သုံးတင်း

တစ်အိတ် (၅၆.၂၅ ပိဿာ) ကျပ် ၁၇၅၀၀၀ ပဲဇီးကွက် သုံးတင်းတစ်အိတ် (၅၈.၂၅ ပိဿာ) ၁၆၃၀၀၀ ဈေး မြေထောက်ပဲ သုံးတင်းတစ်အိတ် (၅၄ ပိဿာ)(ထိပ်စ) ကျပ် ၃၆၀၀၀၀ ဈေး၊ ပြောင်းဆန် သုံးတင်းတစ်အိတ် (၅၄ ပိဿာ) ကျပ် ၅၉၀၀၀၊ ကုလားစားတော်ပဲ သုံးတင်းတစ်အိတ် (၅၉.၂၅ ပိဿာ) ကျပ် ၃၈၀၀၀၀ ကနေဒါစားတော်ပဲ သုံးတင်းတစ်အိတ် (၅၉.၂၅ ပိဿာ) ကျပ် ၂၁၀၀၀၀ နှမ်းဖြူဂျပန် သုံးတင်းတစ်အိတ်(၄၅ ပိဿာ) ကျပ် ၄၁၀၀၀၀ ဈေး၊ စမုံနှမ်းနက် သုံးတင်းတစ်အိတ် (၄၅ ပိဿာ) ကျပ် ၃၅၀၀၀၀ ဈေး၊ နှမ်းညို သုံးတင်းတစ်အိတ် (၄၅ ပိဿာ) ကျပ် ၃၀၅၀၀၀ ဈေးတို့ ရှိကြကြောင်း သိရပါသည်။

**Source:** https://news-eleven.com/article/253636

## BRI ညီလာခံတွင် မြန်မာ့ရေပြင်မှဖမ်းဆီးရရှိသည့် ရေထွက်ကုန်နှင့်မွေးမြူရေးရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုမည်

BRI ညီလာခံတွင် မြန်မာနိုင်ငံ၏သဘာဝရေပြင်မှဖမ်းဆီးရရှိသည့် ရေထွက်ကုန်နှင့်မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့တင်ပို့ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင်ကျင်းပမည့် ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှု (Belt And Road Initiative-BRI)တွင် ပါဝင်သည့်နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံနှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့တက်ရောက်ရန် စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့မှတရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ စီမံကိန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt And Road Initiative-BRI)တွင် ပါဝင်သည့်နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲများသို့ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး ညီလာခံတွင် မြန်မာနိုင်ငံ၏ သဘာဝရေပြင်မှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းနှင့်မွေးမြူရေးရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့တင်ပို့ရေးဆိုင်ရာ SPS သဘောတူစာချုပ်များ ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငါးလအတွင်း ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၄၄ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၈ သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၄၄ ဒသမ ၄၈၉ သန်းရရှိခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၇၃ ဒသမ ၂၁၇ သန်း ရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကိုနှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်အထိမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ၂၈ ဒသမ ၇၂၈ သန်းလျော့ကျခဲ့သည်။

နှစ်အလိုက် ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၃၂ဒသမ ၁၅၆ သန်း၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင်ဒေါ်လာ ၈၅၈ဒသမ ၉၆၀ သန်း၊၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၈၅ ဒသမ ၀၂၁ သန်း၊၂၀၂၁-၂၀၂၂ Mini Budget ကာလအတွင်း ဒေါ်လာ ၄၈၁ ဒသမ ၆၅၇ သန်းရရှိခဲ့သည်။

မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး အသားကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်ကတစ်ဆင့် အဓိကတင်ပို့လျက်ရှိသည်။

**Source:** https://news-eleven.com/article/253633

## (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ပါဝင်ပြသမည်

တရုတ်နိုင်ငံ၊ ကွမ်ရှီး(ကွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင်ကျင်းပမည့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 20th China-ASEAN Expo)တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ဆင်ဟွာသို့ ယနေ့ စက်တင်ဘာ ၁၃ ရက်တွင်ပြောသည်။

အဆိုပါ (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ဒေါက်တာထိန်လင်းက “မြန်မာနိုင်ငံက ကုမ္ပဏီပေါင်း ၇၅ ခုကနေ လယ်ယာထွက်ကုန်၊ စားသောက်ကုန်၊ ရေထွက်ကုန်၊ ကျောက်မျက်ရတနာ အချောလုပ်ငန်းတွေကို ဒီကုန်စည်ပြပွဲမှာ ပြသသွားမှာပါ။ အခုလိုပြပွဲတွေမှာ သွားရောက်ပြသတဲ့အတွက် မြန်မာ့ထွက်ကုန်တွေက တရုတ်ဈေးကွက်သာမက အာဆီယံဈေးကွက်တွေကိုပါ ဝင်ရောက်ထိုးဖောက်ဖို့အတွက် အချိတ်အဆက်တွေရရှိစေနိုင်မှာဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်တရုတ်နိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲများ၌ အမြဲသွားရောက်ပြသလေ့ရှိပြီး၊ နောင်ကျင်းပမည့် ရှန်ဟိုင်းကုန်စည်ပြပွဲ၊ လားရှိုး-လန်ချန်း ကုန်စည်ပြပွဲ၊ ရွှေလီမူဆယ်ကုန်စည်ပြပွဲများတွက် မြန်မာနိုင်ငံမှ သွားရောက်ပြသသွားမည်ဖြစ်ကြောင်း ဒေါက်တာထိန်လင်း၏ ပြောကြားချက်အရ သိရသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-23090130019/

## ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီဈေးများ ဆက်တိုက်ကျဆင်းနေ



ကြက်သွန်နီဈေးနှုန်းများ

(ရန်ကုန်ဘုရင့်နောင်ဈေးကွက်၏ တစ်ပိဿာ ဈေးနှုန်းများဖြစ်သည်။)

| အမျိုးအစား | ၁၄/၉ | ၁၃/၉ | ၁၂/၉ | ၁၁/၉ | ၈/၉ | ၇/၉ |
|---|---|---|---|---|---|---|
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်(သစ်)) (ပင်လေး) | 2950 ကျပ် | 2950 ကျပ် | 3000 ကျပ် | 3100 ကျပ် | 3250 ကျပ် | 3350 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလက်ကြီး) (ပင်လေး) | 2950 ကျပ် | 2950 ကျပ် | 2950 ကျပ် | 3000 ကျပ် | 3200 ကျပ် | 3300 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (ပင်လေး) | 2900 ကျပ် | 2900 ကျပ် | 2900 ကျပ် | 2900 ကျပ် | 3100 ကျပ် | 3200 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) (ပင်လေး) | 2500 ကျပ် | 2500 ကျပ် | 2500 ကျပ် | 2500 ကျပ် | 2700 ကျပ် | 2800 ကျပ် |

ယခုသီတင်းတစ်ပတ်အတွင်း ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက် မှာ ကြက်သွန်နီက ဆက်တိုက်ကို ဈေးကျလာနေပါတယ်။ အခုလိုမျိုး အကျဘက်ကိုသွားတာက ပြီးခဲ့တဲ့ဈေးကွက်အပိတ် သောကြာနေ့ကစလို့ အခုနေ့ (ကြာသပတေး) အထိပဲ ဖြစ်ပါတယ်။

ဘယ်လောက်တွေ ကျဆင်းနေလဲဆိုတာကတော့ တစ်ဖက်ပါ ဇယားကွက်မှာ နှိုင်းယှဉ်သုံးသပ်နိုင်ပါတယ်-

ကြက်သွန်ဖြူကတော့ ယခုတစ်ပတ်အတွင်း ဈေးကွက်အဖွင့် တနင်္လာနေ့ကစပြီး ယနေ့ (ကြာသပတေး) အထိ ဈေးအပြောင်းအလဲမရှိ ငြိမ်နေတာကို တွေ့ရပါတယ်။

ဈေးနှုန်းတွေကိုတော့ စိုက်ပျိုးရေးဈေးကွက် သတင်းအချက်အလက်ဌာန (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများအတိုင်း ပြန်လည်ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/ onion_market_price_sep_14

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်လတာကာလအတွင်း ဆန်အိတ်ရေ ၁၀၇၀၀၀ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ တစ်လတာကာလအတွင်း ဆန် ၂၄ ပြည်ပါ အိတ်ရေ ၁၀၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းမော်၏ ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ ဆန်များ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လက ဆန် ၂၄ ပြည်ပါအိတ်ရေ ၅၄၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့

သော်လည်း ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ဆန် ၂၄ ပြည်ပါ အိတ်ရေ ၁၀၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဩဂုတ်လတစ်လအတွင်း ဆန် ၂၄ ပြည်ပါအိတ်ရေ တစ်သိန်းကျော်အထိ တင်ပို့ ရောင်းချခဲ့ရ ပါတယ်။ လက်ရှိ ဒေသထွက်နွေစပါး လက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချနေ ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ဆန်အမျိုးအစားတွေကတော့ အစုံပါပဲ။ ဆန်ဈေးကလည်း ပုံမှန်အခြေအနေမှာရှိနေတယ်"ဟု ဒေါ်ဝင်းဝင်းမော်ကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေသည့် ဆန်အမျိုးအစားများမှာ ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်း၊ မနောသုခ၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ ရွှေသွယ်ရင်၊ ဧရာမင်း၊ ဆင်းသုခ စသည့် ဆန်အမျိုးအစားများဖြစ်ကြောင်း သိရသည်။

ဩဂုတ်လက အဆိုပါ ဆန်အမျိုးအစားများ၏ ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၁၀၀၅၀၀၊ တောင်ပျံ တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀၊ ထိုင်းဘေးကျားတစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ နံ့ကားတစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၊ ရွှေသွယ်ရင်တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ ဧရာမင်းတစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၊ ဆင်းသုခ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဈေးရှိခဲ့ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/45767

## အိန္ဒိယစားအုန်းဆီတင်သွင်းမှု တန်ချိန် ၁၀ သန်းသို့ ရောက်ရှိနိုင်



အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုသည် အောက်တိုဘာလတွင် ကုန်ဆုံးမည့် ၂၀၂၂/၂၃ ဘဏ္ဍာနှစ်တွင် ယမန်နှစ်ကထက် ၂၆% ခုန်တက်သွားကာ စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိသွားနိုင်သည်။

စားအုန်းဆီစားသုံးမှု ပြန်များလာခြင်း၊ တွက်ခြေကိုက်သော ဈေးနှုန်းများ ဖြစ်နေခြင်းတို့ကြောင့် စားအုန်းဆီ သန့်စင်စက်ရုံများသည် စားအုန်းဆီကြမ်းကို ပိုမိုတင်သွင်းနေကြသည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီတင်သွင်းသည့်နိုင်ငံဖြစ်သည့် အိန္ဒိယ ထံမှ မြင့်မားသောဝယ်ယူမှုသည် စားအုန်းဆီထိပ်တန်းထုတ်လုပ်သော အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့တွင် လက်ကျန် သိုလှောင်မှုနည်းပါးစေပြီး ဈေးကွက်ကြိုပွဲငှ်ဈေးနှုန်းများ ကျမလာအောင်ထိန်းပေးထားသည်။

"စားအုန်းဆီကြမ်းကို ပြန်လည်သန့်စင်သူများက လာမယ့်ပွဲတော်ကာလများအတွက် ဝယ်ယူမှုများကို တိုးမြှင့်လုပ်ဆောင် နေကြပါတယ်။ လာမယ့် ၂ လအတွင်းမှာ မက်ထရစ်တန် ၁.၈ သန်းအထိ တင်သွင်းကြလိမ့်မယ်" ဟု Patanjali Foods Ltd မှ အမှုဆောင်အရာရှိချုပ် Sanjeev Asthana က ပြောကြားသည်။

အကယ်၍ အိန္ဒိယသည် လာမည့်နှစ်လအတွင်း တန်ချိန် ၁.၈ သန်း တင်သွင်းမည်ဆိုပါက အောက်တိုဘာလ ၃၁ ရက်တွင် ကုန်ဆုံးမည့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းတင်သွင်းသည့် ပမာဏသည် မက်ထရစ်တန် ၁၀ သန်းရှိမည်ဖြစ်သည်။ ယခင်က အများဆုံးတင်သွင်းခဲ့သည့်စံချိန်မှာ ၂၀၁၄-၁၅ တွင် မက်ထရစ်တန် ၉.၅ သန်း တင်သွင်းခဲ့သည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ် ပထမ ၁၀ လတွင် အိန္ဒိယသည် စားသုံးဆီ တန်ချိန် ၁၄ သန်း တင်သွင်းခဲ့သည်။ စားအုန်းဆီကြမ်း တန် ၈.၂ သန်း၊ ပဲပုပ်ဆီ တန် ၃.၂ သန်း၊ နေကြာဆီ ၂.၅ သန်းတို့ ပါဝင်သည်။ အိန္ဒိယ၏ စားသုံးဆီစားသုံးမှုသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း ကျဆင်းသွားခဲ့သည်။ ကိုဗစ်ကာလ ၂ နှစ်တာတွင် စားသုံးဆီ စားသုံးမှုလျော့နည်းခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဈေးမြင့်နေသဖြင့် စားသုံးဆီစားသုံးမှု လျော့ကျစေခဲ့သည်။ ဒီနှစ် စားသုံးမှုမှာ ၂%-၄% တိုးဖို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းက ပြောသည်။ အိန္ဒိယသည် စားသုံးဆီလိုအပ်ချက်၏ သုံးပုံနှစ်ပုံကျော်ကို ပြည်ပမှ တင်သွင်းပြီး ဖြည့်ဆည်းပေးသည်။

လက်ရှိနှစ်တွင် စားသုံးဆီစားသုံးမှု ပြန်လည်များပြားလာခြင်းသည် နေကြာဆီတင်သွင်းမှုကိုလည်း မြင့်တက်စေခဲ့သည်ဟု စားသုံးဆီ ကုန်သည်နှင့်ပွဲစားလုပ်ငန်း GGN Research မှ မန်နေဂျာ Rajesh Patel က ပြောကြားခဲ့သည်။


နေကြာဆီ တင်သွင်းမှုသည် ယခင်နှစ်ကထက် စံချိန်တင် ၄၄ ရာခိုင်နှုန်း ပိုများသည်အထိ ခုန်တက်သွားနိုင်ကြောင်း၊ စုစုပေါင်းတန်ချိန် ၂.၈ သန်းအထိရှိနိုင်ကြောင်း ၎င်းကပြောသည်။ နေကြာဆီသည် ပဲပုပ်ဆီထက် ဈေးသက်သာသဖြင့် နေကြာဆီတင်သွင်းမှုပိုများကြောင်း ၎င်းကပြောသည်။ ပဲပုပ်ဆီကို ယမန်နှစ်က တန် ၄.၁ သန်း တင်သွင်းခဲ့သည်။ ယခုနှစ်တွင် ၁၁% လျော့ကျပြီး တန် ၃.၇ သန်း တင်သွင်းမည်ဟု ၎င်းကပြောသည်။

အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ စားအုန်းဆီများကို အိန္ဒိယမှ အဓိကအားဖြင့် ဝယ်ယူသည်။ အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့်ယူကရိန်းတို့မှ ပဲပုပ်ဆီနှင့်နေကြာဆီ တင်သွင်းသည်။

**Source :Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6871-edible-oil.html

## အာရှဆန် ဈေးနှုန်းများကျဆင်း




အိန္ဒိယ၏ ပို့ကုန်ဆန် ကန့်သတ်ချက်အမျိုးမျိုးကြောင့် အာရှဆန်ဈေးတက်ခဲ့ပြီး ဝယ်လိုအား ဆက်တိုက်ကျဆင်းနေခြင်းကြောင့် ဆန်ဈေးလည်း ကျဆင်းလာသည်။

၅% ဆန်ကွဲပါ ထိုင်း ဆန်ဖြူသည် ဗုဒ္ဓဟူးနေ့ (စက်တင်ဘာ ၁၃)တွင် $19 ကျဆင်းပြီး ခေါ်ဈေး တစ်တန်လျှင် $621 သို့ ကျသွားသည်ဟု ထိုင်းဆန်တင်ပို့သူများ အသင်း Thai Rice Exporters Association မှ ပြောကြားသည်။ ထိုင်းဆန် ဈေးနှုန်းများသည် ယခင်လဆန်းပိုင်းတွင် ၁၅ နှစ်နီးပါးအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

ပြည်တွင်းဆန်လိုအပ်ချက်၏ သုံးပုံတစ်ပုံကို ပြည်ပမှတင်သွင်းပြီး ဖြည့်တင်းသည့် မလေးရှားနိုင်ငံသည် ပြည်ပဆန်အပေါ် အားကိုးအားထားပြုနေရခြင်းကို လျှော့ချရန်ကြိုးပမ်းနေသည်။

မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီး Mohamad Sabu က မလေးရှားနိုင်ငံသည် စပါးထုတ်လုပ်မှု တိုးမြှင့်ပေးနိုင်သည့် အခွင့်အလမ်းရှိပါလျက် ပြည်တွင်းဆန်လိုအပ်ချက်၏ ၃၅ ရာခိုင်နှုန်းကို "အချိန်အတော်ကြာအောင် တင်သွင်းနေခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။ "ကျွန်တော်တို့မှာရှိနေတဲ့ မြေယာနဲ့အရင်းအမြစ်များဖြင့် မလေးရှားဟာ ပြည်တွင်းဆန်ဖူလုံမှုရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပေမဲ့ အဲဒါကို ကျွန်တော်တို့မလုပ်ခဲ့ပါဘူး"ဟု Sabu က အင်္ဂါနေ့ (စက်တင်ဘာ ၁၂ ရက်)တွင် ပြောကြားသည်။ "အိန္ဒိယက ဆန်တင်ပို့မှု ပိတ်ပင်တဲ့အထိ အဲဒါကို ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးတာကို ကျွန်တော်အံ့သြမိပါတယ်"ဟု ၎င်းကပြောကြားသည်။

အိန္ဒိယ၏ ဘာစမာတီမဟုတ်သော ဆန်အမျိုးမျိုးကို အများဆုံးဝယ်ယူသည့်နိုင်ငံအချို့မှာ ဘီနင်၊ ဆီနီဂေါ၊ တိုဂိုနှင့် ဂီနီတို့ကဲ့သို့သော အာဖရိကနိုင်ငံများဖြစ်သည်။

**Source: theedgemalaysia**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6872-asia-rice.html

# STOCK EXCHANGE (15.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,577 (Shares) | 74,754,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 9,000 | 9,000 | 8,900 | 2,926 | 26,314,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 5,045 | 15,630,150 | 38,929,150 | 120,680 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 39 | 292,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,507 | 2,548,100 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | -50 | -2.08% | 2,350 | 2,350 | 2,350 | 1,092 | 2,566,200 | 12,823,224 | 30,135 |
| EFR | 00006 | 2,200 | -100 | -4.35% | 2,300 | 2,300 | 2,200 | 460 | 1,013,500 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 1,840 | 9,016,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,800 | 1,750 | 9,668 | 17,374,000 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.94 | -1.57 | -0.41% | 379.06 | 379.66 | 376.94 | 22,577 | 74,754,450 | 8 | 710,975 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 22,577 (Shares) | 74,754,450 (MMK) |

### Main Board

As of 1:00 pm, 15th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,577 (Shares) | 74,754,450 (MMK) |

| MYANPIX | 376.94 ▼ 1.57 |
|---|---|
| Total Volume (shares) | 22,577 |
| Total Value (MMK) | 75 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,975 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,200 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |